**ဒီနေ့အတွက် သိကောင်းစရာ (၄၇)**

**(၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့**

## ပလိပ်(Plague)ရောဂါ နှင့်ပတ်သက်ပြီး ဘာတွေသိထားသင့်လဲ?

အဆိုပါရောဂါသည် ရွှေ့သွားအသုံးပြုကိုက်ဖြတ်တတ်သည့် တောရိုင်းတိရစ္ဆာန်(rodents)များ(ဥပမာ-ကြွက်နှင့်ရှဉ့်) တို့မှတစ်ဆင့်ကူးစက်သောရောဂါ (zoonotic disease) ဖြစ်ကာအချိန်မရွေး၊ နေရာမရွေး (အထူးသဖြင့် ကျေးလက်ဒေသ) တွင်ဖြစ်ပွားတတ်၍ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်ကာ အချိန်မီဆေးကုသမှုမခံယူပါက အသက်သေဆုံးနိုင်ပါသည်။

ရောဂါကူးစက်သည့်နည်းလမ်းမှာ ပလိပ်ရောဂါဘက်တီးရီးယားပိုး *(Yersinia pestis)* ကူးစက်ခံထားရသောကြွက်နှင့်ရှဉ့်များရှိ လေးကောင်များ (Fleas)တွင် ရောဂါပိုးကူးစက်ရာမှ အဆိုပါ ကြွက်နှင့်ရှဉ့်များရောဂါကြောင့် သေဆုံးသောအခါ သွေးအစာမရနိုင်သောကြောင့် လေးကောင်များသည် စွန့်ခွာကြပြီး နီးစပ်ရာကြွက်များ၊ ရှဉ့်များ၊ အခြား အိမ်မွေးတိရစ္ဆာန်များနှင့် လူများကို ကိုက်ခြင်းအားဖြင့် ပလိပ်ရောဂါသည် အဆင့်ဆင့်ကူးစက်ပျံ့နှံ့ပါသည်။

လေးကောင်အကိုက်ခံရသည့်နေရာတွင် အရေပြားအောက်သွေးထွက်ခြင်းကြောင့် အမည်းရောင်အဖြစ်တွေ့ရလေ့ ရှိပါသည်။

**ပလိပ်ရောဂါအမျိုးအစားများ နှင့်ရောဂါလက္ခဏာများမှာ-**

**(၁) အကျိတ်ပလိပ်ရောဂါ (Bubonic Plague)** - ရောဂါဖြစ်ပွားမှုအများစုတွင်တွေ့ရှိရပြီး ပြန်ရည်ကြောစနစ် (lymphatic system) အတွင်း ရောဂါပိုးဝင်ရောက်ခြင်းကြောင့် ပေါင်ခြံ၊ ချိုင်းနှင့်လည်ပင်းတို့တွင် အကျိတ်များ (buboes) ထွက်ခြင်း/ နာကျင်ခြင်းနှင့် ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပြည်တည်ခြင်းတို့ ဖြစ်ပါသည်။

**(၂) သွေးပလိပ်ရောဂါ (Septicemic Plague)** - ပြင်းထန်အကျိတ်ပလိပ်ရောဂါကြောင့် ရောဂါပိုးများသည် လျင်မြန်စွာသွေးထဲရောက်၍ သွေးဆိပ်တက်ခြင်း၊ ကိုယ်တွင်းကလီစာများပျက်စီးခြင်း၊ သွေးကြောများအတွင်းတွင် နေရာအနှံ့သွေးခဲခြင်းတို့ဖြစ်ကာ သေဆုံးမှုနှုန်းမြင့်မားသည်။


**(၃) အဆုတ်ပလိပ်ရောဂါ(Pneumonic Plague)** - အများအားဖြင့် သွေးထဲတွင် ရောဂါပိုးများပျံ့နှံ့ရာမှ အဆုတ်များသို့ ရောဂါရောက်ရှိခြင်း(သို့မဟုတ်) အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်တွင်းသို့ တိုက်ရိုက်ကူးစက်ခံရခြင်းကြောင့် ချောင်းဆိုးသွေးပါခြင်း၊ ပြာနှမ်းခြင်း၊ အသက်ရှူနှုန်းမြန်ခြင်းစသည့် လက္ခဏာများတွေ့ရှိရတတ်ပြီး သေဆုံးမှုနှုန်းမြင့်မားပါသည်။ တစ်ဦးမှ တစ်ဦးသို့ ကူးစက်မှုနှုန်းအလွန်မြန်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများမှာ** - ကြွက်များအား အိမ်အတွင်းမဝင်နိုင်စေရန်ကြိုတင် တားဆီးထားခြင်း၊ မိမိတို့၏ ပတ်ဝန်းကျင်များတွင် ကြွက်များရှင်သန်ပေါက်ပွားခြင်းမရှိအောင် အညစ်အကြေးနှင့်အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ကြွက်များအားဖမ်းဆီးနှိမ်နင်းခြင်း၊ ဖျားနာနေသောတိရစ္ဆာန်များနှင့် သေဆုံးနေသည့် တောရိုင်းတိရစ္ဆာန်များကို အကာအကွယ်မပါဘဲ ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ရပါမည်။

**ပလိပ်(Plague)ရောဂါအန္တရာယ်ရှိ၍ဖြစ်ပွားလေ့ရှိသောဒေသများတွင် အထက်ဖော်ပြပါလက္ခဏာများခံစားရခြင်း၊ သဘာဝမဟုတ်သောကြွက်အများအပြားသေဆုံးခြင်းကိုတွေ့ရပါကနီးစပ်ရာကျန်းမာရေးဌာနသို့အမြန်ဆုံးသတင်းပို့ပါ။**







Reference: US CDC. Plague. (July, 2020).

လေးကောင်